# ပဟေဠိ ရွေးချယ်ရန် ၃ - ဗဟိုအဆင့်မှ စီမံကိန်းရေးဆွဲမှုကို ကျော်လွန်ရွေ့လျားခြင်း

မှတ်သားရန် - အဖြစ်နိုင်ဆုံးအဖြေကိုသာရွေးချယ်ပါ။ အချို့အဖြေများမှာ လုံးလုံး အမှားမဟုတ်ပါ။ ထို့ထက်ပိုကောင်းသည့် အဖြေရှိနိုင်ပါသည်။ ပဟေဠိများနှင့် ပတ်သက်သည့် ဖြေရှင်းချက်များနှင့် အဖြေများအတွက် discussion forum သို့သွားပါ (ပို့စ်အသစ်တင်တိုင်း ပဟေဠိများ၏ ခေါင်းစဉ် "ပဟေဠိ ဆွေးနွေးရန်" တွင် တင်ပါ။)

မှတ်သားရန် - ပဟေဠိများကို မဖြေမီ ကေ့စ်အား ဖတ်ပါ။

**ပဟေဠိ ရွေးချယ်ရန် ၃ - လာဗီးယား**
**၅မှတ်**

မေးခွန်း၁
ကျွန်တော်တို့သည် သမ္မတရုံးများ သို့ ဝန်ကြီးချုပ်ရုံးများ၏ စွမ်းရည်ကို အကဲဖြတ်ရန် အခြားရုံးများလောက် မစဉ်းစားခဲ့ကြပေ။ ထိုရုံးများသည်လည်း အလွန်အရေးကြီးပါသည်။ အောက်ပါတို့မှ မည်သည့် အချက်သည် အဆိုပါ ရုံးများအောင်မြင်မှုကို မတိုင်းတာနိုင်သနည်း။

- ○ အစိုးရ ထိပ်တန်းခေါင်းဆောင်များသည် မဟာဗျူဟာ ဦးစားပေးများ ပြည့်မှီမှု ရှိမရှိ
- ○ မူဝါဒသစ်များသည် ခန့်မှန်းခြေထက် ကုန်ကျစရိတ် ပိုများနေခြင်း
- ○ ကတ်ဘိနက် အာဂျင်ဒါတွင် အုပ်ချုပ်ရေး သီးသန့်ကိစ္စများ၏ ပမာဏသည် မဟာဗျူဟာ ဦးတည်ချက်များကို မည်သို့ရရှိမည်ကို ရွေးချယ်မှုများနှင့် နှိုင်းယှဉ်ခြင်း
- ○ အရေးကြီးသူများ သို့မဟုတ် ဥပဒေ စိန်ခေါ်မှုများကြောင့် တရားရုံးများ ပါဝင်နေသည့် မူဝါဒအသစ်များ ပမာဏ
- ○ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း အစည်းအဝေးအရေအတွက်သည် အချို့ ကတ်ဘိနက်များအတွက် အရေးကြီးသည့် အချက်ဖြစ်သည်။

မေးခွန်း ၂
သမ္မတရုံး သို့မဟုတ် ဝန်ကြီးချုပ်ရုံးဖြစ်သည့် ကတ်ဘိနက်ရုံး၏ အဓိက တာဝန်မှာ ဆုံးဖြတ်မှုအရည်အသွေး ကောင်းမွန်လာစေရန်ဖြစ်သည်။ ကတ်ဘိနက် ဝန်ကြီးများအား တခါတရံ အတွင်းဝန်များ၊ ဌာနအကြီးအကများသည် အချင်းချင်း မူဝါဒရွေးချယ်မှုများ ပြုလုပ်ကြရသည်။ ဝန်ကြီးတိုင်းသည် သူဆုံးဖြတ်ချက်အတွက် လိုအပ်သည့် သတင်းအချက်အလက် ရရန် လိုအပ်ပါသည်။ အောက်ပါတို့မှ မည်သည့်အချက်သည် ကတ်ဘိနက် ရုံးများ သတင်းအချက်အလက်အရည်အသွေးကောင်းမွန်လာစေရန် ဆောင်ရွက်ပေးသနည်း။ (သင့်လျော်ရာ အားလုံးရွေးချယ်ပါ။)

- ○ ရုံးသည် ပြဿနာ အဓိပ္ပာယ်များနှင့် ရွေးချယ်ရန်များကို ဆန်းစစ်နိုင်ရန် ဝန်ကြီးဌာနများ၏ တင်ပြမှုများကို သုံးသပ်ရသည်။
- ○ ရုံးသည် ဝန်ကြီးဌာန တစ်ခုစီသည် ဥပဒေကြောင်းအရလည်းကောင်း၊ ဘဏ္ဍာရေးအရလည်းကောင်း ဆောင်ရွက်ကြောင်း စစ်ဆေးသည်။ ဝန်ကြီးဌာနသည် သက်ဆိုင်သည့် ပါဝင်သူများအားလုံးနှင့် ဆွေးနွေးတိုင်ပင်မှု ရှိမရှိကို စစ်ဆေးသည်။ ထိုအခန်းကဏ္ဍများတွင်လည်း ပါဝင်ဆောင်ရွက်သည်။
- ○ ရုံးသည် စာတမ်းများသည် ရှင်းလင်းစွာ စာစီထားပြီး နားလည်မှုရှိမရှိကို စစ်ဆေးသည်။ ရုံး စာ နမူနာတွင် အချက်အလက်များကို ညာဘက်ထောင့်တွင်ထားခြင်းဖြင့် ဝန်ကြီးများအပေါ် ဖိအားလျော့စေသည်။

မေးခွန်း၃
လာဗီးယားတွင် ကတ်ဘိနက်ရုံးသည် စွမ်းရည်နိမ့်နေကြောင်း ပြသနေသည့် အချက်များစွာရှိသည်။ အောက်ပါတို့မှ မည်သည့် လက္ခဏာများ ပါဝင်သနည်း။

- Veismane မူဂါဒ စီမံကိန်းရေးဆွဲရာတွင် စည်းမျဉ်းစည်းကမ်းများ သေချာစွာ ချမှတ်ရန်လိုကြောင်း သိသည်။ အကြောင်းမှာ လာဗီးယားတွင် မည်သည့်စနစ်မဆို ဆိုဗီယက်ခေတ် ဗဟိုချုပ်ကိုင်မှု စီမံကိန်းရေးဆွဲသည့် ပုံစံကို အမှတ်ရစေသောကြောင့်ဖြစ်သည်။
- ၁၉ ၉ ၃မှ ၂၀၀၀ ခုနှစ်အတွင်း ညွန့်ပေါင်းအစိုးရများ ပါဝင်သော ကတ်ဘိနက်အဖွဲ့သည် မူဂါဒ ၄၅၀ကို ပြဋ္ဌာန်းခဲ့သည်။ Veismane and Klapkalne သည် အလုပ်စလုပ်သည့်အခါ ၄၅၀ စာတမ်းများအနက်မှ မည်သည်တို့သည် အသက်ဝင်ပြီး မည်သည်တို့သည် အသက်မဝင်တော့ကြောင်းမကွဲပြားပေ။
- ကတ်ဘိနက်သည် စီမံကိန်းများညှိနှိုင်းရန်နှင့် ဝန်ကြီးဌာနများ အဓိက ပန်းတိုင်များ ဦးတည်ရန် ဦးစားပေး ချမှတ်ခြင်း ကို လုပ်ဆောင်ခဲ့သော်လည်း ကေ့စ်တွင် အကျုံးဝင်သည့် အချိန်ကာလတွင် ဖြစ်စဉ်များမှာ မူဂါဒ ၁၉ ခုသာ ဖော်ထုတ်နိုင်ခဲ့ပြီး ဦးစားပေး ရည်မှန်းချက်များကို ထောက်ကူသည့် လုပ်ငန်း ၃၀၀သာ ဖော်ထုတ်နိုင်ခဲ့သည်။ တဖန် ဝန်ကြီးဌာနများသည် လုပ်ငန်း စုစုပေါင်း ၁၇၀၀ ကို ဖော်ထုတ်ခဲ့သည်။ ညွန့်ပေါင်းအစိုးရသည် ပျဉ်းမ၂ တစ်နှစ်ကြာမည်ဖြစ်သော်လည်း ထို ရည်မှန်းချက်ကြီးသည့် စီမံကိန်းများအကောင်အထည်ဖော်ရန် အတွက် နိုင်ငံရေးသမားများ ကြာရှည် မရှိနိုင်ပေ။
- ဝန်ကြီးဌာနများသည် သတ်မှတ်ချက် ပြည့်မီရန် နှောင့်နှေးနေကြသည်။ ဥပမာ ဥရောပသမဂ္ဂနှင့် သက်ဆိုင်သည့် အစီရင်ခံစာများကို ကတ်ဘိနက်သို့ တင်သွင်းရာ သဘောတူညီပြီး ခြောက်လာကြာမြင့်သည်။ ထို့အပြင် ဝန်ကြီးဌာနများသည် အချင်းချင်း စီမံကိန်းများကို မညှိနှိုင်းသဖြင့် မူဂါဒများမှာ တစ်ခုနှင့် တစ်ခု ရောယှက်နေသည်။
- ၂၀၀၀ ပြည့်နှစ်တွင်လေ့လာသော ကတ်ဘိနက် အစည်းအဝေး၂ခုတွင် ကတ်ဘိနက်သည် စုစုပေါင်းဆွေးနွေးရမည့်အချက်များ အနက်မှ ၆၁% ခန့်ရှိသော ဦးစားပေးမဟုတ်သည့် အချက်များကို ဆွေးနွေးခြင်းဖြင့် ဆွေးနွေးချိန် ၄၁% ကို သုံးစွဲခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ကတ်ဘိနက်အစည်းအဝေးတစ်ခု၏ ပျဉ်းမျှကြာချိန်မှာ ၆.၅ နာရီဖြစ်သည်ဟု Internal Chancellery က ဖော်ပြခဲ့သည်။

မေးခွန်း၄

လာဗီးယား အစိုးရသည် စွမ်းရည်မြင့်လာစေရန် ဆောင်ရွက်ရာတွင် အောက်ပါတို့မှ မည်သည့်အချက်များ မပါဝင်သနည်း။

- မူဂါဒစာတမ်းများအတွက် စံသတ်မှတ်ချက်အသစ်များချမှတ်သည့်အပြင် ညှိနှိုင်းရေးဌာနသည် စာတမ်းတစ်ခုချင်းစီအား စစ်ဆေးပြီး ဥပဒေအရဆောင်ရွက်ပြီး ဝန်ကြီးဌာနများသို့ မှတ်ချက်များ ပေးပို့ခဲ့သည်။
- ညှိနှိုင်းရေး ယူနစ်သည် ဝန်ကြီးဌာန ဝန်ထမ်းများနှင့် မူဂါဒစာတမ်းများ အဆင့်မြင့်ရန်ဆောင်ရွက်ခဲ့ပြီး အစိုးရ သင်တန်းကျောင်းဖြစ်သည့် လာဗီးယား ပြည်သူ့အုပ်ချုပ်ရေးကျောင်းတွင် သင်တန်းများ ပြုလုပ်ခဲ့သည်။
- ပါဝင်ပတ်သက်သူများ ဆွေးနွေးမှုကို ကောင်းမွန်စေရန် ဝန်ကြီးဌာနများသည် အရပ်ဘက်အဖွဲ့အစည်းများအား မူဂါဒ အဆိုပြုလွှာများကို လာဗီးယား လူထုပေါင်းစည်းရေးအဖွဲ့မှတဆင့် အကြောင်းကြားခဲ့သည်။ ထိုအဖွဲ့သည် NGO အဖွဲ့များသို့ သတင်းအချက်အလက်များ ပေးသည့် အဖွဲ့ဖြစ်သည်။ တာဝန်ယူထားသော ဝန်ကြီးဌာနသည် ညှိနှိုင်းရေးဌာန ကိုယ်စားလှယ်အပါအဝင် သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများအားလုံးကို ဖိတ်ကြားပြီး အငြင်းပွားမှုများကို ဖြေရှင်းသည်။
- ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်ထားသည့် ဘတ်ဂျက် သတင်းအချက်အလက်များကို ပေးပြီး ဝန်ကြီးဌာနများအား မဟာဗျူဟာစီမံကိန်းချမှတ်ရာတွင် ဘတ်ဂျက် စာရင်းများကို ထည့်သွင်းသည်။
- အထက်ပါ အချက်များအားလုံးသည် ပြုပြင်ပြောင်းလဲရေး အချက်များတွင် ပါဝင်သည်။

**မေးခွန်း ၅**

ကတ်ဘိနက် စွမ်းရည် မြှင့်တင်ခြင်းသည် ထိလွယ်ရှလွယ်သော ဖြစ်စဉ်ဖြစ်သည်။ လာဗီးယားတွင်

အောက်ပါအချက်များသည် အစိုးရ စွမ်းရည် မြင့်တက်လာစေရန် မဟန့်တားသည့် အချက်များဖြစ်သနည်း။

- အုပ်ချုပ်ရေး ညွှန့်ပေါင်းများသည် လျော့ရဲနေသဖြင့် ဆွေးနွေးသည့် ဖြစ်စဉ်သည် ပါတီညွှန့်ပေါင်းများ၏ ပုံဖော်မှုခံရသည်။ ရလာဒ်အဖြစ် မည်သူမျှ ပြုပြင်ပြောင်းလဲရေးကို မတိုက်တွန်းကြပေ။ အဆိုပါ ပြဿနာသည် ဘတ်ဂျက်ဖြစ်စဉ်ကို ပုံဖော်ရန် ခဲယဉ်းသည်။
- ညှိနှိုင်းရေး ယူနစ်သည် ဝန်ကြီးချုပ်များနှင့် အခြားသူများက လုပ်ငန်းများတွင် နိုင်ငံရေး အသုံးချမှုကို ကြံ့ကြံ့ခံရင်ဆိုင်ရသည်။
- ညှိနှိုင်းရေးရုံးတွင် တာဝန်ထမ်းဆောင်ရန် သင့်လျော်သည့် အရည်အချင်းရှိသူများ ရှာဖွေရန် ခက်ခဲသည်။
- ဝန်ကြီးဌာနများတွင် ဝန်ထမ်းထွက်မှုများ များပြားခြင်းသည် သင်ကြားရေးကို ကန့်သတ်ထားပြီး မူဝါဒ စာတမ်းများသည် စံသတ်မှတ်ချက်များအောက် ကျဆင်းသွားသည်။ ဝန်ကြီးဌာနများအတွက် စံသတ်မှတ်ချက်များမှာ အထောက်အပံ့ဖြစ်သည်။